ဗီဒီယိုစာသား/Video Language Guide Transcript

(Title:) မြန်မာဘာသာ /Burmese: 2020 သန်းခေါင်စာရင်းကို အွန်လိုင်းတွင် ဖြေခြင်းအတွက် ဗွီဒီယိုလမ်းညွှန်

(Description:) ယခု မြန်မာဘာသာ ဗီဒီယိုအနေဖြင့် နှစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်း အကြောင်း မိတ်ဆက်ပြသသွားမည်ဖြစ်ပြီး အွန်လိုင်း စစ စစ်တမ်းမေးခွန်းလွှာ အကျဉ်းချုပ်အား ခပ်သွက်သွက် တင်ပြကာ မေးခွန်းများကို အင်္ဂလိပ် ဘာသာစကားဖြင့် ဖြေဆိုနိုင်အောင် သင့်အား ကူညီပေးသွားမည်ဖြစ်သည်။

နှစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်းမှ ကြိုဆိုပါသည်

ယခု မြန်မာဘာသာ ဗီဒီယိုအနေဖြင့် နှစ်ထောင့်နှစ်ဆယ် သန
သန်းခေါင်စာရင်း အ‌ေ
အကြောင်း မိတ်ဆက်ပြသသွားမည်ဖြစ်ပြီး အွန်လိုင်း စစ
စစ်တမ်းမေးခွန်းလွှာ အကျဉ်းချုပ်အား ခပ်သွက်သွက် တင
တင်ပြကာ မေးခွန်းများကို အဂ
အင်္ဂလိပ် ဘာသာစကားဖြင့် ဖြေဆိုနိုင်အောင် သင
သင့်အား ကူညီပေးသွားမည်ဖြစ်သည်။

နှစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်း သည် အမေရိကန်
ပြည်ထောင်စုအတွင်း နေထိုင်သူ အားလုံးကို ရေတွက်ခြင်းဖြစ်ပါသည်။

သန်းခေါင်စာရင်း အား အမေရိကန်ပြည်ထောင်စု ဖွ
ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်လုပ်ဆောင်ထားခြင်းဖြစ်ပြီး ဆယ
ဆယ်နှစ်လျှင် တစ်ကြိမ်စာရင်း ကောက်ယူပါသည်။

နစ်ထောင့်နစ်ဆယ် သန်းခေါင်စာရင်း သည် အင
အင်မတန် အရေးကြီးပါသည်။ သင်၏ အဖြေ သည့် ကွန်ဂရက်ရှိ
ပြည်နယ်တစ်ခုစီ လွှတ်တော် အမတ်နေရာ အဓ
အရေအတွက်ကို ဆုံးဖြတ်ရာတွင် အကူအညီ ဖြစ်စေပါသည် ...

ထို့ပြင်
လူမှုအသိုင်းအဝိုင်းအတွက် ဗဟိုအစိုးရရန်ပုံငွေ မှ နစ်စဉ် ဒေါ်လာ ခြောက်ရာခ
၇ခုနစ်ဆယ့်ငါး ဘီလီယံကျော်ကို မည်သို့ သုံးစွဲသည်ကိုလည်း လမ
လမ်းညွှန်ပေး နိုင်မည်ဖြစ်သည်။
နစ်ထောင့်နစ်ဆယ် သန်းခေါင်စာရင်းသည် လွယ်ကူပါသည်။ အဆ
အဆိုပါ မေးခွန်းများကို ဖြေကြားရန် အချိန် ဆယ်မိနစ်ခန့်သာ ကြာမည် ဖြစ်သည်။

သင့်အနေဖြင့် ကွန်ပျူတာ၊ တက်ဘလက် သို့မဟုတ် မိုဘိုင်းဖုန်းမှတစ်ဆင့် တစ်ရက်
နစ်ဆယ့်လေးနာရီအချိန်ပြည့် အွန်လိုင်းမှတစ်ဆင့် ဖြေဆိုနိုင်ပါသည်။

ဖုန်းဖြင့်ဖြစ်စေ သို့မဟုတ် စာရွက်နှင့်မွေးခွန်းလွှာ ကိုသုံးကာ မေ
မေးခွန်းများကို ဖြေဆိုနိုင်ပါသည်။

သင့်အနေဖြင့် မေးခွန်းဖြေပါက ကျွန်ုပ်တို့ဘက်က
သန်းခေါင်စာရင်းဌာန တွေ့ဆုံမေးမြန်းသူ အား သင
သင့်ထံ
သွားရောက်စေမည် မဟုတ်ပါ။ သင်ဖြေဆိုမှု နောက်ကျပါက၊ သင့်အားမေးမြန
မန်းရန် နောက်ဆက်တွဲ မေးခွန်းများ ကျန်နေပါက သို့မဟုတ် အ[
အခြား
စစ်တမ်းများပြုလုပ်ရန် လိုအပ်ပါက တွေ့ဆုံမေးမြန်းသူအနေဖြင့် သင့်ထံ လာရောက်
က်နိုင်ပါသည်။

သင့်သတင်းအချက်အလက်ကို လျှို့ဝှက်ထားပါသည်။

သင့်အဖြေများကို ဗဟိုအစိုးရဥပဒေက ကာကွယ်ပေးပါသည်။ သင
သင့်အဖြေများကို ကိန်းဂဏန်းအချက်အလက်များ ရရှိရန်အတွက်သာ အသ
အသုံးပြုနိုင်မည်ဖြစ်ပြီး မည
မည်သည့်အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားရုံးကမျှ သင့်ကိုဆန့်ကျင်ရန် အသ
အသုံးမပြုနိုင်ပါ။
ယခု အင်တာနက်
စစ်တမ်းမေးခွန်းလွှာနှင့်ပတ်သက်ပြီး ခပ်သွက်သွက် ပြသသွားမည်ဖြစ်ပ
ပါသည်။ အဆင့်ဆင့် လုပ်ဆောင်ပုံများကို ဗီဒီယိုတွင် မကြာမီ ပြသသွား မည
မည် ဖြစ်ပါသည်။

သင့်အနေဖြင့် "my2020census.gov" သို့ ဝင်ရောက်သည့်အခါ၊

ကျွန်ုပ်တို့မှ သင့်ထံ စာတိုက်မှ ပေးပို့ထားသော သို့မဟုတ် သင့်အိမ်တံ ခါးတွင်
ချန်ထားခဲ့သော စာရွက်စာတမ်းများထဲက သန်းခေါင်စာရင်း အိုင်ဒီ သို့မဟုတ်
Census ID ကို သုံးကာ လော့အင် ဝင်ရောက်ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ဘက်က သင့်အား မေးမြန်းမည့်အရာများမှာ-
သင့် လိပ်စာ ကို အတည်ပြုပါ

နောက်ပြီး သင့်အမည် နှင့် ဖုန်းနံပါတ်ကို ပေးပါ။

နောက်တစ်ဆင့်အနေဖြင့် နှစ်ထောင့်နှစ်ဆယ်၊ ဧပြီလ တစ် ရက်နေ့တွင် ယ
ယခုလိပ်စာရှိ
နေအိမ်တွင် နေထိုင်သည့် လူအရေအတွက်ကို မေးမြန်းမည် ဖြစ်သည်။
ထို့ပြင် သင့်
လိပ်စာရှိနေအိမ်တွင် နေထိုင်သူတစ်ဦးချင်းစီ၏ အမည်စာရင်းကို တောင်းယူ

ယူမည်ဖြစ်သည်။
သင့်အိမ်မှ ထွက်ခွာနိုင်ဖွယ်ရှိသူများ၏ အမည်ကိုပါ ပါဝင်အောင် သတ
သတိပေးမည် ဖြစ်သည်။

အိမ် က ကိုယ်ပိုင်လား သို့မဟုတ်
ငှားထားသော အိမ်ဖြစ်သလား ဆိုသည်ကိုလည်း မေးမြန်းသွားမည်ဖြစ်သည်

ထို့ပြင် အိမ်ပိုင်ရှင် သို့မဟုတ် ငှားရမ်းသူက မ
မည်သူဖြစ်သည်ကိုလည်း မေးမြန်းသွားမည်ဖြစ်သည်။

သင့်အိမ်ထောင်စုထဲရှိ လူတစ်ဦးချင်းစီကိုလည်း ၎င်းတို့နှင့် သက်ဆိုင် သည်
ည့် အောက်ပါတို့ကို မေးမြန်းသွားမည်ဖြစ်သည်-

လိင်၊
မွေးနေ့သက္ကရာဇ် နှင့် အသက်၊

ဟစ္စပဲနစ်၊ လာတီးနိုး သို့မဟုတ် စပိန်ဇစ်မြစ်၊
နှင့် လူမျိုး။

လိပ်စာတစ်ခုတွင် တစ်ဦးထက် ပိုပါက
အိမ်ရှင်နှင့် မည်သို့ တော်စပ် သည်ကိုလည်း မေးမြန်းသွားမည်ဖြစ်သည်။

နောက်ဆုံးတစ်ခုအနေဖြင့် အခြားလိပ်စာတစ်ခုခုသို့ ရံဖန်ရံခါ သွားရောက်နေထိုင်သူ
ရှိ၊မရှိကိုလည်း မေးမြန်းသွားမည်ဖြစ်သည်။

သင့်အနေဖြင့် စတင်ရန် အဆင်သင့်ဖြစ်ပါက "m y 2 0 2 0 c e n s u s . g o
v"သို့ အခုပဲ ဝင်ရောက်လိုက်ပါ။
အွန်လိုင်း စစ်တမ်းမေးခွန်းလွှာ ကို အင်္ဂလိပ်ဘာသာ အပြင် အဂ
အင်္ဂလိပ်ဘာသာမဟုတ်သော အခြား ဘာသာစကား တ
တစ်ဆယ့်နှစ်မျိုးဖြင့် ရရှိနိုင်ပါသည်။ ဘာ

ဘာသာစကားတစ်ခုကို ရွေးချယ်ရန်အတွက် ကမ္ဘာလုံးပုံ အမှတ်အသား ကိ
ကို နှိပ်ပြီး ဘာသာစကားအမည်ကို ရွေးချယ်ပါ သို့မဟုတ် မျက်နှာပြင် အေ
အောက်ခြေရှိ ဘာသာစကားအမည် ကို ရွေးချယ်ပါ။

စာရင်းတွင် မပါသည့် ဘာ
ဘာသာစကားတစ်ခုခုကို ရှာဖွေနေပါကလည်း စိတ်မပူပါနှင့်။ ယခုဗီဒီယိုက လု
လုပ်ဆောင်ပုံအဆင့်ဆင့်ကို သရုပ်ပြ ပေးသွားမည် ဖြစ်ပါသည်။ ဆက်လက်ကြည်
ည့်ရှုပါ။

သင့်အနေဖြင့် နှစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်း ကိ
ကို
အပိုင်းတစ်ခုတည်းတွင် ဖြည့်သွင်းရမည်။ ဖြည့်နေရင်း ထွက်သွားပါက အစ
အစက ပြန်စရမည်ဖြစ်သည်။

စတင်ရန်အတွက် "Start Questionnaire" ကို ရွေးချယ်ပါ။
ပထမဆုံး အဆင့်အနေဖြင့် သင်၏ သန်းခေါင်စာရင်း အိုင်ဒီ သို့မဟုတ် Census ID
ဖြစ်သည့် ဂဏန်း တစ်ဆယ့်နှစ်လုံးကို ထည့်သွင်း ပါ။

သင်၏ သန်းခေါင်စာရင်း အိုင်ဒီ သို့မဟုတ် Census ID မှာ သင့်ထံ
စာတိုက်မှ ပေးပို့ထားသော သို့မဟုတ် သင့်တံခါးရှေ့တွင် ထာ
ထားခဲ့သော စာရွက်စာ တမ်းများထဲတွင် ပါရှိပါသည်။
သင့်အနေဖြင့် သန်းခေါင်စာရင်း အိုင်ဒီ သို့မဟုတ် Census ID
မရှိပါက အောက်ဖော်ပြပါ လင့်ခ် ရှိ လော့အင် ခလုတ် ကို ရွေးချယ်ပြီး သင့် လိ
လိပ်စာ နှင့်ပတ်သက်သည့် နောက်ဆက်တွဲမေးခွန်း အနည်းငယ်ကို ဖြ
ဖြေပါ။ သင့်အနေဖြင့် ဖြေကြားနိုင်ပါသေးသည်။

ထို့နောက် သင့်အနေဖြင့် ဖော်ပြထားသော လိပ်စာအတွက် န
နှစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်း စစ်တမ်းမေးခွန်းလွှာကို ဖြေဆို
ိုပြီးကြောင်း အတည်ပြု ပါ။

အတည်ပြုမည်ဆိုပါက "Yes" ကိုရွေးပါ သို့မဟုတ် အတည်မပြုပါက "No"
ကို ရွေးပါ။
သင့်အနေဖြင့် ဧပြီလ တစ်ရက်နေ့တွင် ယခု လိပ်စာတွင် နေထိုင်ဆဲဖြစ်ပါက ဟု
ဟုတ် ကို ရွေးပါ။ ထိုသို့မဟုတ်ပါက မဟုတ် ကို ရွေးပါ။

"Next" ခလုတ် အနေဖြင့် နောက်တစ်ဆင့်အတွက် ဖြစ်ပြီး "Previous"
မှာ နောက်သို့ ပြန်သွားစေမည်ဖြစ်သည်။

သင့်ဘရောက်ဇာရှိ ရှေ့သို့ သို့မဟုတ် နောက်သို့ ဆိုသည့် မျှားကို မသ
မသုံးမိစေရန် သတိပြုပါ ထိုသို့ပြုလုပ်မိပါက အစက ပြန်စရမည်ဖြစ်သည်။

နောက်တစ်ဆင့်မှာ သင့်အမည် နှင့် တယ်လီဖုန်းနံပါတ်ကို ထည့်ရန် ဖြစ်ပါသည်။
သင့်အမည်ကို အင်္ဂလိပ် အက္ခရာများဖြင့် ထည့်သွင်းပါ။

တစ်ခါတစ်ရံတွင် သင့် အဖြေကို စစ်ဆေးရန် သို့မဟုတ် နောက်ဆက်တွဲ အခ
အချက်အလက်များကို ထည့်သွင်းရန်အတွက် မျ
မျက်နှာပြင်ပေါ်တွင် မက်ဆေ့တစ်စောင် ပေါ်လာတတ်ပါသည်။

"Next" ခလုတ်သို့ မနှိပ်မီ သင်ထည့်သွင်း ထားသည်များကို ပြန်လည် စစ်ဆေးပါ။
နှစ်ထောင့်နှစ်ဆယ်၊ ဧပြီလ တစ် ရက် နေ့တွင် ယခု လိပ်စာတွင် နေထိုင်မည့် သင
သင်နှင့် အခြားသူများ၏ လူအရေအတွက်ကို ထည့်သွင်းပါ။ (မ
(မေးခွန်းများနှင့်ပတ်သက်ပြီး အကူအညီ ရယ
ရယူနိုင်ရန်အတွက် မျဉ်းတားထားသော အပြာရောင် လင့်ခ်ကို နှိပ်ပါ။)

သင် ထည့်သွင်းထားသော လူအရေအတွက်သည် ဖော်ပြပါ လိပ်စာတွင် အမ
အမှန်တကယ်
နေထိုင် အိပ်စက်မည်ဖြစ်သည်မှာ သေချာပါစေ။ တစ်စုံတစ်ဦးအနေဖြင့် ပံ
ပုံမှန် နေထိုင်ရာ နေရာတစ်ခု မရှိပါက ဧပြီလ တစ် ရက်နေ့တွင် ၎င်းေ
၎င်းနေထိုင်မည့် နေရာကို ထည့်သွင်းဖော်ပြပါ။

မွေးကင်းစအရွယ်ကလေးများနှင့် အသက်အရွယ်ရှိသော ကလေးများ အာ
အားလုံး ပါဝင်ပါစေ၊

နီးစပ်သော သို့မဟုတ် အဘိုးအဘွားနှင့် အခြားဆွေမျိုး၊

သင်နှင့် ပတ်သက်မှုမရှိသူများ၊

နှင့် ရာသက်ပန်နေရန်နေရာ တစ်ခု မရှိသူများ။

ယခု လိပ်စာမှ နှစ်အတော်ကြာအောင် အဝေ
အဝေးသို့ ရောက်ရှိနေသူများကို မထည့်ပါနှင့်။

ဥပမာ- ကောလိပ်ကျောင်းသားများ။

တပ်မတော်ဝန်ထမ်း။

ဘိုးဘွားရိပ်သာ၊ စိတ်ကျန်းမာရေး ဆေးရုံ၊ အချုပ်ခန်း၊ အက
အကျဉ်းထောင်၊ ထိန်းသိမ်းရေး စင်တာ စသည်တို့တွင် ရောက်ရှိနေသူများ စသည်။

သို့မဟုတ် အခြားတစ်နေရာရာတွင် အမြဲလိုလို နေထိုင်လေ့ရှိသူ သိ
သို့မဟုတ် အိပ်တတ်သူ။ ထိုသူများကို

အခြားနည်းလမ်းများဖြင့် ရေတွက်သွားမည်ဖြစ်ပါသည်။

ထို့ပြင် ယခု လိပ်စာရှိနေအိမ်တွင် နေထိုင်သူတစ်ဦးချင်းစီ၏ အမည်စာရင်းကို ရေးပါ။

နောက်ထပ် လူစာရင်းထည့်သွင်းရန်အတွက် "Add another person" ဟု
အညွှန်းပြထားသော ခလုတ်ကို ရွေးချယ်ပါ။

ဧပြီလ တစ် ရက်နေ့တွင် ယခု လိပ်စာတွင် နေထိုင်မည့် မည်သူ့ကိုမျှ စာရင်း တွ
တွင် မပါဝင်ခြင်း မဖြစ်စေလိုပါ။

ယခုလိပ်စာတွင်နေထိုင်သူတစ်ဦးအား ထည့်သွင်းရန် မေ့လျော့သွား ပါက "Yes"
ကို ရွေးချယ်ပြီး ၎င်းတို့၏ အမည်များကို ထည့်သွင်းပါ။

ထိုသို့မဟုတ်ပါက "No" ကို ရွေးပါ။

ယခု လိပ်စာရှိ အိမ် နှင့် ပတ်သက်သည့် မေးခွန်းနှစ်ခုကို ဖြေကြားရန် အဆ
အဆင်သင့်ဖြစ်ပါပြီ။

ဧပြီလ တစ် ရက်နေ့တွင် ယခုလိပ်စာရှိ အိမ်၊ တိုက်ခန်း သို့မဟုတ် လူ
လူနေအိမ်အဖြစ်သုံးနိုင်သော နောက်တွဲယာဉ် အနေဖြင့်-

သင် သို့မဟုတ် ဤအိမ်ထောင်စုမှ တ
တစ်စုံတစ်ဦးက အပေါင်စာချုပ်
သို့မဟုတ် ချေးငွေ(အိမ်တန်ဖိုးအရချေးငွေ) တစ်ခုဖြင့် ပိုင်ဆိုင်ပါမည်။

သင် သို့မဟုတ် ယခု
အိမ်ထောင်စုမှ တယောက်ယောက်က (အပေါင်စာချုပ် သို့မဟုတ် ချေးငွေဖြင့် မဟု
ဟုတ်ဘဲ) ကင်းကင်း ရှင်းရှင်းပိုင်ဆိုင်ခြင်း ဖြစ်ပါသည်

ငှားထားပါသည်

သို့မဟုတ် အိမ်ငှားခမပေးဘဲ နေထိုင်ခြင်းဖြစ်ပါသည်။

ထို့နောက် ယခု အိမ်၊
တိုက်ခန်း သို့မဟုတ် လူနေအိမ်အဖြစ်သုံးနိုင်သော နောက်တွဲယာဉ်၏ ပိုင်ဆိုင်သူမျ
များ သို့မဟုတ် ငှားရမ်းသူများ၏ အမည်ကို ရွေးချယ်ပါ။

နောက်တစ်ဆင့်အနေဖြင့် သင် အစောပိုင်းက ဖော်ပြထားသော စာ
စာရင်းထဲရှိ လူတစ်ဦးချင်းစီနှင့် ပတ
ပတ်သက်သည့် မေးခွန်းအချို့ကို မေးမြန်း သွားမည်ဖြစ်သည်။

ပထမဆုံးအနေဖြင့် ကျား ...

သို့မဟုတ် မ ဖြစ်သလားဆိုသည်ကို မေးမြန်းသွားမည်ဖြစ်သည်

အဆိုပါ ပုဂ္ဂိုလ်အား မွေးဖွားခဲ့သည့် လ၊ ရက် နှင့် နှစ် တို့ကို ထည
ထည့်သွင်းစေမည် ဖြစ်သည်။

နှစ်ထောင့်နှစ်ဆယ်၊ ဧပြီလ တစ် ရက်နေ့တွင် ရောက်ရှိမည့် အသက်မှာ အမ
အမှန်ဖြစ်ရန် လိုအပ်ပါသည်။

နောက်တစ်ဆင့်မှာ ဟစ္စပဲနစ်ဇာစ်မြစ် န
နှင့် လူမျိုး နှင့်ပတ်သက်ပြီး မေးမြန်း သွားမည်ဖြစ်သည်။
အဆိုပါ နှစ်မျိုးစလုံးကို ဖြေဆိုပြီး နောက်မေးခွန်း တစ်ခုသို့ သွားပါ။

အဆိုပါပုဂ္ဂိုလ်အနေဖြင့် ဟစ္စပဲနစ်၊ လာတီးနိုး သို့မဟုတ် စပိန်ဇာစ်မြစ် ဖြ
ဖြစ်ခြင်း ရှိ၊မရှိကို ရွေးချယ်ပါ ...

မက္ကဆီကန်လူမျိုး၊ မက္ကဆီကန် အမေရိကန် သို့မဟုတ် ချီကာနို ...

ပေါ်တိုရီကန် ...

ကျူးဘန်း ဖြစ်ပါသည် ...

သို့မဟုတ် အခြား ဟစ္စပဲနစ်၊ လာတီးနိုး သို့မဟုတ် စပိန်ဇာစ်မြစ်။

သင့်အနေဖြင့် နောက်ဆုံး အဖြေ
အဖြေ ကို ရွေးချယ်ထားပါက အောက်တွင်ဖော်ပြထားသော ဘောက်စ်တွင် ပိုမိုအသေးစိတ်ဖော်ပြပါ။

နောက်တစ်ဆင့်မှာ လူမျိုး နှင့်ပတ်သက်ပြီး မေးမြန်းသွားမည်ဖြစ်ပါသည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လေးထောင့်ကွက်များကိုရွေးချယ်ပါ။

လူဖြူ

လူမည်း သို့မဟုတ် အာဖရိကန်အမေရိကန်

အမေရိကန်အင်ဒီးယန်း သို့မဟုတ် အလာစကာဒေသခံ

တရုတ်

ဖိလစ်ပိုင်

အာရှ အိန္ဒိယ

ဗီယက်နမ်

ကိုးရီးယန်း

ဂျပန်

အခြားအာရှသား

ဟာဝိုင်ယန်ဌာနေသား

စာမိုအန်း

ချမောရို

အခြားပစိဖိတ်ကျွန်းသား

သို့မဟုတ် အခြားလူမျိုးတစ်ခုခု

ဇင်းနှင့် ကိုက်ညီသည့် ဘောက်စ်အတွင်းရှိ
အသေးစိတ်ဖော်ပြထားသည့်ဇာစ်မြစ်များကို ထည့်ပါ။
နောက်ဆက်တွဲလူများသည်လည်း ယခု မေးခွန်းကို ဖြေရမည်-

ယခု ပုဂ္ဂိုလ်အနေဖြင့် အိမ်ရှင် နှင့် မည်သို့ ပတ်သက်သနည်း။

ဆန့်ကျင်ဘက်လိင် ခင်ပွန်း၊ ဇနီး၊ အိမ်ထောင်ဖက် ဖြစ်ကြောင်း ရွေးချယ်ပါ ...

ဆန့်ကျင်ဘက်လိင် အိမ်ထောင်ဖက်မဟုတ်သူ ကြင်ဖော် ...

လိင်တူ ခင်ပွန်း၊ ဇနီး၊ သို့မဟုတ် အိမ်ထောင်ဖက် ...

အိမ်ထောင်ဖက်မဟုတ်သည့် လိင်တူ ကြင်ဖော် ...

သားအရင်း သို့မဟုတ် သမီးအရင်း ...

မွေးစားသား သို့မဟုတ် မွေးစားသမီး ...

လင်ပါ၊ မယားပါ သား သို့မဟုတ် သမီး ...

ညီအစ်ကို သို့မဟုတ် ညီအစ်မ

ဖခင် သို့မဟုတ် မိခင်

မြေး

ယောက္ခမ

သားမက် သို့မဟုတ် ချွေးမ

အခြား ဆွေမျိုး

တစ်ခန်းတည်းပေါင်းနေသူ သို့မဟုတ် တစ်အိမ်တည်းပေါင်းနေသူ သို့မဟုတ်
roommate or housemate
မွေးစားကလေး သို့မဟုတ် foster

သို့မဟုတ် ဆွေမျိုးမတော်သော် အခြားသူ

ပြီးဆုံးကာနီးပါပြီ။

တစ်နေရာမက နေထိုင်သည့် အချို့သော သူများနှင့်ပတ်သက်ပြီး တစ
တစ်ကြိမ်သာ ထည့်သွင်းသည်မှာ သေချာဖို့ လိုပါသည်။

အခြားတစ်နေရာတွင် နေလေ့ရှိသူများ၏ အမည်ကို ရွေးချယ်ပါ။

ထိုသို့မဟုတ်ပါက “None of the above” ကို ရွေးချယ်ပါ။
တစ်စုံတစ်ယောက်က အ‌ပြ
အခြားတစ်နေရာတွင် အ
အမြဲလိုလိုနေထိုင်ပါက အောက်ပါတို့မှ မည်သည့် အ‌ေ
အကြောင်းအရင်းကြောင့် ဆိုသည်ကို ရွေးချယ် ပါ ...
မိဘ၊ အဘိုးအဘွား သို့မဟုတ် အခြားတစ်ဦး နှင့် အတူ ...

ကောလိပ် တက်ရန် ...

တပ်မတော်မှ ပေးအပ်ထားသောတာဝန်အတွက် ...

အလုပ် သို့မဟုတ် စီးပွားရေးကိစ္စ တစ်ခုခုအတွက် ...

ဘိုးဘွားရိပ်သာ သို့မဟုတ် စုပေါင်းနေထိုင်သည့် အိမ် တစ်အိမ်တွင် ...

အချုပ်ခန်း သို့မဟုတ် အကျဉ်းထောင် တစ်ခုထဲတွင် ...

ရာသီအလိုက် သို့မဟုတ် ဒုတိယနေထိုင်ရာတွင် ...

သို့မဟုတ် အခြားအကြောင်းရင်းအတွက်။

သင် ကောင်းစွာ လု
လုပ်ဆောင်နိုင်ပါပြီ။ သင်၏ အဖြေများကို ပေ
ပေးပို့ရန် အဆင်သင့်ဖြစ်နေပါပြီ။ န
နစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်းကို ဖြည့်သွင်းရန်အတွက် "Submit Questionnaire" ကို ရွေးချယ်ပါ။

သင်၏ လိပ်စာ နှင့် ယနေ့ ရက်စွဲ နှင့်အတူ အတည်ပြုသည့် စာ
စာမျက်နှာ တစ်ခုကို တွေ့ရမည်ဖြစ်သည်။
ယခု ပြထားသည့်အရာဖြစ်ပါသည်။ သင့်အနေဖြင့် န
နစ်ထောင့်နှစ်ဆယ် သန်းခေါင်စာရင်း အွန်လိုင်းဖြည့်သွင်းမှု ပြီးစီး သွ
သွားပါပြီ။ ကျေးဇူးတင်ရှိပါသည်။ ယခု သင့်ဘရောက်ဇာကို ပိတ်နိုင်ပါပြီ။

ယခု ဗီဒီယို သို့မဟုတ် အလားတူ ဗီဒီယိုကို အခြား ဘာသာစကားများ
ဖြင့် မျှဝေနိုင်ရန်အတွက် 2020census.gov/languages ။